**CHIN NATIONAL FRONT**

**General Headquarters**

**Chinland**

**Website:** www.cnfhqr.com **Email:** cnf.headquarters@gmail.com


# အင်အားပြင်းမြေငလျင်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ကြေညာချက်

၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်တွင် မြန်မာနိုင်ငံ စစ်ကိုင်းမြို့နှင့် မန္တလေးမြို့အနီး ဗဟိုပြု၍ အင်အား မဂ္ဂနီကျူဒ် ၇.၇ ဖြင့် လှုပ်ခတ်ခဲ့မှုကြောင့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် အခြားဒေသအသီးသီးတို့တွင် ၂,၅၀၀ ထက်ကျော်သော ပြည်သူများ သေဆုံးခြင်း၊ အိုးအိမ်ပြိုကျ ပျက်စီးခြင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အဦးများ ပျက်စီးပြိုကျခြင်း၊ လမ်းတံတား အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးရသည့် အပေါ် ချင်းအမျိုးသား တပ်ဦး အနေဖြင့် မြန်မာပြည်သူ တစ်ရပ်လုံးနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။ မြေငလျင်ဘေးသင့် နေရာအရပ်များတွင် နေထိုင်၊ ခိုလှုံနေကြသော ချင်းအမျိုးသားထု အတွက်လည်း အောက်မေ့သတိရလျက် ရှိပါသည်။

၂။ ဤမြေငလျင်ဘေးအန္တရာယ် အရေးပေါ်ကာလအတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်နေကြသော နိုင်ငံတကာ အသိုင်းအဝန်းများ၊ ကယ်ဆယ်ရေး လုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပေးကြသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း အဖွဲ့အစည်းအသီးသီးများ အားလုံးအပေါ် ချင်းအမျိုးသားတပ်ဦးက ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

၃။ ဤသို့သော မြေငလျင်သဘာဝဘေးအန္တရာယ် အရေးပေါ်ကာလအတွင်း၌ပင် အကြမ်းဖက် စစ်ကောင်စီသည် လေကြောင်း တိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်နေသည်ကို တွေ့ရှိရပါသည်။ မြန်မာပြည်သူများသည် မြေငလျင်ဘေးဒဏ်သာမက စစ်ကောင်စီ လက်ချက်ဖြင့် သေဆုံးမှုများ ဆက်လက်ရှိနေပြီး ထိုလုပ်ရပ်ကို ချက်ချင်းရပ်တန့်ရန် တိုက်တွန်းလိုက်ပါသည်။

၄။ ငလျင်ဘေးဒဏ်သင့် ပြည်သူလူထုထံသို့ လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ အပြည့်အဝ ရရှိရေး၊ ဘက်လိုက်မှုကင်းသော လူသားချင်း စာနာထောက်ထားမှု ပေးအပ်ရေး၊ နိုင်ငံတကာ သတင်းမီဒီယာများမှ မြေပြင်အခြေအနေ သတင်းမှန်ကို လွတ်လပ်စွာ ရယူနိုင်ရေးနှင့် ထိုသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ် ဆောင်ရွက်ရာ တွင် နိုင်ငံရေးအမြတ်ထုတ်မှု မရှိစေရေး စသည်တို့အတွက် စစ်ကောင်စီနှင့် သက်ဆိုင်သူများကို တိုက်တွန်းလိုက်သည်။

၅။ ချင်းအမျိုးသားတပ်ဦးအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေးတွင် ပြည်သူများနှင့်အတူ တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ချင်းအမျိုးသားတပ်ဦး